## (၂၇၅၉)ခုနှစ်ကရင်တမျိုးသားလုံး၏နှစ်သစ်ကူးပွဲတော်သို့ရန်ကုန်ကက်သလစ်ဂိုဏ်းချုပ်သာသနာ၊ ဆရာတော် ကြီးကာဒီနယ် ချားစ်ဘိုမှ၊ ပေးပို့သောနှစ်သစ်ကူးသဝဏ်လွှာ..

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း၊ခေတ်သမိုင်းအဆက်ဆက်၊မှီတင်းနေထိုင် လာခဲ့ကြသော၊ တိုင်းရင်းသားကရင်လူမျိုးများအားလုံးကို ၊လေးစားချစ်ခင်စွာဖြင့် (Happy Karen New Year) နီထော်သောမူမူ... နိန်းထောင်းသောင်းမုတ်မုတ်..နိန်ထန်သာမုတ်မုတ်..ပျော်ရွှင်ကြည်နူး..နှစ်သစ်ကူးဖြစ်ပါစေလို့၊ဦးစွာ၊နှုတ်ခွန်းဆက်သရင်း.... ကရင်တိုင်းရင်းသား၊မိဘပြည်သူများနှင့်၊ကမ္ဘာ့အရပ်ရပ်မှာ..ရှိနေကြသောက ရင်လူမျိုးများအားလုံး၊စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်း၊ဝိညာဉ်စင်ကြယ်ခြင်း၊စိတ်နှလုံးရွှင်လန်းခြင်းများ၊ကောင်းကြီးများပြည့်ဝစွာခံစားကြရပါစေလို့ ထပ်မံမေတ္တာပို့သအပ်ပါတယ်...

ပြာသိုလဆန်း(၁)ရက်နေ့ရောက်တိုင်းသည်..ကျွန်ုပ်တို့ကရင်တစ်မျိုးသားလုံး၏..နှစ်သစ်ကူးနေ့၊ မင်္ဂလာနေ့ထူးနေ့မြတ်ဖြစ်သဖြင့်၊ယနေ့ခရစ်သက္ကရာဇ်(၂၀၁၉) ဒီဇင်ဘာလ (၂၆) ရက်နေ့သည်..ကျွန်ုပ်တို့ ၏ကရင်သက္ကဇ် (၂၇၅၉)ခုနှစ်ပြာသိုလဆန်း(၁)ရက်နေ့ ဖြစ်သောကြောင့်.....တောင်ပေါ်မြေပြန်၊ကမ္ဘာအရပ်ရပ်၊ အနယ်နယ် အရပ်ရပ်တွင်ရှိနေကြသော...ကရင်လူမျိုးများသည်၊မိမိတို့၏ရိုးရာဝတ်စုံများဆင်မြန်းကာ၊ ဝမ်းမြောက်ပျော်ရွှင်စွာ ဖြင့်.မိမိတို့၏အမျိုးသားနှစ်သစ်ကူးပွဲတော်ကိုကျင်းပနေမည်သာဖြစ်ပါတယ်။

ကျွန်ုပ်တို့ကရင်လူမျိုးတို့၏နှစ်သစ်ကူး၊နေ့ထူးနေ့မြတ်သည်ကျွန်ုပ်တို့ကရင်လူမျိုးအတွက်သာ မကပဲ၊ မြန်မာနိုင်ငံအတွင်း၊မှီတင်းနေထိုင်ကျသော၊ပြည်ထောင်စုတိုင်းရင်းသားများအားလုံးအတွက်လည်းနေ့ထူးနေ့မြတ်ပြ ဖစ်သလို၊တိုင်းရင်းသားများအားလုံး၏၊ပျော်ရွှင်စရာနေ့လေးလည်းဖြစ်ပါတယ်။

ဒါဟာ..ကျွန်ုပ်တို့ကရင်ဘိုးဘွားတွေက၊သူတို့၏မျိုးဆက်သစ်၊နောင်လာနောက်သားတွေကို၊ ပေးထားခဲ့သော၊ တန်ဖိုးမဖြတ်နိုင်သော၊မင်္ဂလာအရှိဆုံးသော၊သမိုင်းဝင်နေ့ထူးနေ့မြတ်တစ်နေ့ပင်ဖြစ်ပါသည်။ ဖိုးဖွားတို့ပေးအပ်ခဲ့သည့်၊သမိုင်းဝင်အမွေအနှစ်ကို၊တန်ဖိုးထားစောင့်ထိန်းကျင်းပလာခဲ့ရာမှာ၊ကရင်နှစ်သစ်ကူး ဟာ၊ယခုဆိုရင် (၈၂) ကြိမ်မြောက်ထိတိုင် ၊ ရောက်ခဲ့သည်ကိုဂုဏ်ယူဝင့်ကြွား တန်ဖိုးထားကြရမှာဖြစ်ပါတယ်။

ပြာသိုလဆန်း(၁)ရက်နေ့ရောက်တိုင်း၊ရောက်တိုင်း..ကျွန်ုပ်တို့ကရင်လူမျိုးအပေါင်းတို့သည်လည်း.. မိမိတို့ကရင်ဘိုးဘွားမိဘများ၏.ဂုဏ်ကျေးဇူးတွေကို၊အထူးသတိရမေတ္တာပို့ပေးကြပါစို့။ဘိုးဘွားမိဘတို့ပေးခဲ့ သည့်သမိုင်းဝင်အမွေနှစ်ကိုလည်း၊မပျောက်ပျက်အောင်၊ကျွန်ုပ်တို့ကရင်သားစဉ်မြေးဆက်တိုင်း၊တန်ဖိုးထား၊ထိန်းထိမ်းေ စာင့်ရှောက်သွားကြရမည်ဖြစ်ပါတယ်.....

ဆက်လက်၍ မိမိတို့အမြတ်တနိုး၊ထိမ်းသိန်းစောင့်ရှောက်လာခဲ့သည့်၊ကရင်လူမျိုးများ၏၊ ဘာသာစကား၊ ရိုးရာစာပေနှင့်ယဉ်ကျေးမှု အမွေနှစ်များကိုလည်း၊မပျောက်မပျက်၊သမိုင်းအဆက်ဆက် ။အခွန့်ရှည်တည်တံ့ခိုင်မြဲအောင်၊မျိုးချစ်စိတ်ပြည့်ဝစွာဖြင့်၊ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ပါလို့၊တိုက်တွန်း နိုးဆော်အပ်ပါတယ်။

မိမိတို့ကရင်လူမျိုးများ၏ထုံးထမ်းစဉ်လာ၊ရိုးရာယဉ်ကျေးမှု၊ဘာသာစကား၊စာပေနှင့်အနုပညာ သုခမများကိုလည်း၊ မပျောက်ကွယ်အောင်ထိန်းသိမ်းရုံသာမကပဲ၊ပျောက်ကွယ်လုဆဲ၊ရိုးရာယဉ်ကျေးမှုများကို လည်း၊တန်ဖိုးထားပြန်လည်ဖော်ထုတ်နိုင်ကြဖို့ကိုလည်း.၊အားပေးတိုက်တွန်းအပ်ပါတယ်..

မြန်မာပြည်တွင်နေထိုင်ကြသောကျွန်ုပ်တို့ကရင်လူမျိုးများသည်မိမိတို့အခြေချနေထိုင်ရာဒေသ၊ ပြောဆိုသောဘာသာစကား၊စာပေနှင့်ယုံကြည်ကိုးကွယ်မှုများသည်၊အနေအထားအရ၊မတူညီခြားနားခြင်း၊ရှိကြသော်လည်း.. ကရင်လူမျိုးဆိုသည့်.၊ခေါင်းစဉ်နာမအောက်တွင်၊အသိနှင့်သတိကိုထားရှိကာ၊စည်းလုံးချစ်ကြည်စွာ ဖြင့်၊မိမိတို့၏၊အမျိုးသားရေး၊ဘာသာရေးနှင့်ရိုးရာယဉ်ကျေးမှုကိုရှေးရှုလုပ်ဆောင်ကြိုးပမ်းကြသလို၊မြန်မာနိုင်ငံတွင်နေထိုင်ကြသော၊အခြားတိုင်းရင်းသား၊ညီအစ်ကိုသွေးချင်းများနှင့်အတူ၊ဥမကွဲသိုက်မပျက်၊တူညီစွာလက်တွဲရင်း၊ယခုနှစ်သစ်မှာ၊စိတ်သစ်၊လူသစ်၊ဘ၀သစ်၊အားမာန်သစ်နှင့်စစ်မှန်သော၊ပြည်ထောင်စုစိတ်ဓာတ်ဖြင့်၊ပြည် ထောင်စုသမ္မတ၊မြန်မာနိုင်ငံတော်ကြီး၏၊ဘက်စုံခေတ်မှီတိုးတက်၊ အောင်မြင် သော၊နိုင်ငံတော်အဖြစ်သို့..စည်းလုံးညီးညာစွာ၊တက်ညီလက်ညီ၊ပါ၀င်ဆောင်ရွက်သွားကြပါစို့လို့၊ဂုဏ်ယူစွာ ၊တိုက်တွန်းနိုးဆော်၊အားပေးအပ်ပါတယ်.....အားလုံးပျော်ရွှင်၊ငြိမ်းချမ်းကြပါစေ.....

| | |
|---|---|
| | ပါးပါးကြီး ကာဒီနယ် ချားလ်စ်ဘို |
| ၂၀၁၉ခုနှစ်၊ ဇီဇင်ဘာလ ၊(၂၆) ရက် | ကက်သလစ်ဆရာတော်ကျောင်းတိုက် |
| ၁၃၈၁ခုနှစ်၊ ပြာသိုလဆန်း၊ (၁) ရက် | သိမ်ဖြူလမ်း |
| ၂၇၅၈ ခုနှစ်၊ သလေ၊ထိုင်ခုတ်ဖို လဆန်း (၁) ရက် | ရန်ကုန်မြို့ |